
မင်မင်းဆက်မှ ယန္တရားပညာရှင်
စာစဉ်-၄
Translator-Zero

# အခန်း ၈၁
# ဖန်ချက်လုပ်ငန်းအား လေ့လာခြင်း
*

လီကျစ် အိမ်ထောင်ကျသွားပြီးနောက် သူနှင့် ဆွေဟယ်တို့ ဇနီးမောင်နှံနှစ်ဦးမှာ တစ်လတိတိ ခွဲမရအောင်ပင်အချစ်ကြီးချစ်ကာ ပျားရည်ဆန်းခရီးကိုဖြတ်သန်းခဲ့ကြသည်။ မက်မွန်ပန်းများ ပွင့်လန်းပြီး ထူထဲသောဝါဂွမ်းအင်္ကျီများကို ချွတ်ထားခဲ့ရသည့် ၃လပိုင်းသို့ ရောက်သောအခါမှ လီကျစ်တစ်ယောက် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။

လီကျစ်သည် ပထမဆုံးအနေဖြင့် သေနတ်အလုပ်ရုံကို သွားရောက်စစ်ဆေးခဲ့သည်။

လီကျစ်က သေနတ်အလုပ်ရုံကို ဦးလေးလီတောက်အား ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးထားရာ သူက အလွန်သေချာစွာလုပ်ဆောင်နိုင်ခဲ့သည်။ သေနတ်အလုပ်ရုံသည် ရိုင်ဖယ်သေနတ်များကို အစုလိုက်အပြုံလိုက်ထုတ်လုပ်နေသည်မှာ ခုနစ်လခန့်ရှိပြီဖြစ်ပြီး ဤကာလအတွင်း သေနတ်ပညာသည် ခြောက်ဆယ်ကျော်က ရိုင်ဖယ်သေနတ် အလက်လေးရာကျော်ကို ထုတ်လုပ်နိုင်ခဲ့သည်။ ထို့ပြင် ပန်းပဲအလုပ်သင်တစ်ရာ့သုံးဆယ်အနက်မှ အများစုမှာလည်း ပညာတတ်မြောက်သွားကြပြီဖြစ်ကာ ပထမဆုံးအရည်အသွေးမီ သေနတ်အလက် တစ်ရာ့နှစ်ဆယ့်ခုနစ်လက်ကို ထုတ်လုပ်နိုင်ခဲ့သည်။

လက်မှုပညာရှင်သစ်များ ပညာတတ်မြောက်သွားပြီးနောက် ၎င်းတို့၏ လ

စဉ်လုပ်အားခမှာ ငွေနှစ်သျှူးမှ ငွေသုံးသျှူးအထိ တိုးလာခဲ့သည်။ ထုတ်လုပ်လိုက်သော သေနတ်တစ်လက်အတွက် ဆုကြေးငွေ တစ်သျှူးရရှိရာ ဆရာဖြစ်သူ လက်မှုပညာရှင်က သုံးပုံရပြီး ကျန်ခုနစ်ပုံကို ပညာရှင်သစ်က ရရှိသည်။ ထို့ကြောင့် တစ်လလျှင် စုစုပေါင်း ငွေသုံးသျှူးနှင့် ခုနစ်မူးခန့် ရရှိသောကြောင့် ဝင်ငွေကောင်းသည်ဟုဆိုနိုင်သည်။ ယခုအခါ ပညာတတ်မြောက်ပြီး ငွေရှာနိုင်ပြီဖြစ်သဖြင့် သေနတ်ပညာသည်သစ်များအားလုံး အလွန်စိတ်အားထက်သန်နေကြကာ အလုပ်ကိုကြိုးကြိုးစားစား လုပ်ကိုင်ကြသည်။ ဝါရင့်ပညာရှင်ဟောင်းများဆိုလျှင် ပြောစရာပင်မလိုတော့ချေ။ လုပ်အားခနှင့် ဆုကြေးငွေအပါအဝင် တစ်လလျှင် ငွေလေးသျှူးနှင့် ခြောက်မူးအထိ ရရှိကြသဖြင့် ဤခေတ်ကာလတွင် သူဌေးများဟုပင်ဆိုနိုင်ကာ အလုပ်ကိုလည်း အလွန်ဂရုတစိုက်လုပ်ကိုင်ကြသည်။

ထိုလက်မှုပညာရှင်များသည် တစ်လလျှင် ရိုင်ဖယ်သေနတ်တစ်လက်ကျစီ ထုတ်လုပ်ကြသည်။ အလုပ်ရုံမှမထွက်ခွာမီ သေနတ်တိုင်းကို ယမ်းမှုန့်ဖြင့် လေးကြိမ်တိုင်တိုင်စမ်းသပ်ပစ်ခတ်ရပြီး အရည်အသွေး အလွန်စိတ်ချရကြောင်း သေချာစေသည်။ လီကျစ်သည် ဤသေနတ်များကို အသုံးပြု၍ လူငါးရာပါဝင်သော တပ်ခွဲလေးခုကိုတပ်ဆင်ပေးခဲ့ပြီး တပ်သားများကို ပစ်ကွင်းတွင် နေ့စဉ် ပစ်ခတ်လေ့ကျင့်စေကာ အရည်အချင်းပြည့်မီသော သေနတ်သမားများအမြန်ဆုံးဖြစ်လာစေရန် ကြိုးပမ်းခဲ့သည်။

သေနတ်မရရှိသေးသော အခြားတပ်ဖွဲ့ဝင်များကမူ အနီးကပ်တိုက်ခိုက်ခြင်း စစ်ရေးပြလေ့ကျင့်ခြင်းနှင့် ကွင်းဆင်းလေ့ကျင့်ခြင်းများကို ဆက်လက်လုပ်ဆောင်ကြသည်။

ထို့နောက် လီကျစ်သည် အမြောက်အလုပ်ရုံသို့ သွားရောက်စစ်ဆေးခဲ့သည်။

ပြီးခဲ့သည့် နှစ်လအတွင်း အမြောက်အလုပ်ရုံမှ သံအူတိုင်နှင့် ကြေးခန္ဓာကိုယ်ပါရှိသော အမြောက်များထုတ်လုပ်ရန် ကြိုးပမ်းမှုမှာ ကနဦး အောင်မြင်မှုရရှိခဲ့သည်။ အမြောက်ပညာသည်များသည် သတ္တုနှစ်မျိုးကို ပေါင်းစပ်ပုံသွင်းသည့် နည်းပညာကို ကျွမ်းကျင်စွာ တတ်မြောက်သွားကြပြီ ဖြစ်ကာ လီကျစ်တောင်းဆိုထားသော ခြောက်ပေါင်ဒါအမြောက်များကို အစမ်းပုံသွင်းနိုင်ခဲ့သည်။ စမ်းသပ်ထုတ်လုပ်ထားသော အလေးချိန် ကျင်ကိုးရာရှိ အမြောက်မှာ စစ်ဆေးမှုတွင် အပြည့်အဝအရည်အသွေးမီကြောင်း တွေ့ရသည်။ အလေးချိန် ကျင် ရှစ်ရာရှိသော အရည်အသွေးမီ အမြောက်ရှည်ကိုလည်း ပုံသွင်းနိုင်ခဲ့ပြီးအကြိမ်တစ်ရာခန့် ဆက်တိုက်ပစ်ခတ်စမ်းသပ်ပြီးနောက် မည်သည့်အက်ကွဲကြောင်းမျှမတွေ့ရပေ။ ထို့ပြင် ဤခေတ်ကာလက အသုံးပြုသော အပေါ့စားအမြောက်ရှည်များထက် အလေးချိန် ကျင် တစ်ရာခန့် ပိုမိုပေါ့ပါးနေသေးသည်။

သို့သော် အမြောက်ပညာသည်များက သံအူတိုင် ကြေးခန္ဓာကိုယ် အမြောက်များ၏ စွမ်းဆောင်ရည်ကို ထပ်မံမြှင့်တင်နိုင်သေးသည်ဟု ယုံကြည်ကြပြီး အမြောက်၏အလေးချိန် ပေါ့ပါးစေရန်အတွက် ပြောင်းဝအထူကို ထပ်မံလျှော့ချရန်ပြင်ဆင်ခဲ့ကြသည်။ သို့ရာတွင် အလျှင်လိုလျှင်အမှားပါတတ်သည့်အတိုင်း... အစမ်းထုတ်လုပ်ထားသော အလေးချိန် ကျင်ငါးရာ နှင့် ငါးရာ့ငါးဆယ် အသီးသီးရှိသည့် ခြောက်ပေါင်ဒါအမြောက်နှစ်လက်စလုံးမှာ ပုံသွင်းပြီးနောက် ပြောင်းဝများပေါက်ကွဲထွက်သွားခဲ့ရာ လူများကိုပင်ထိခိုက်မိမတတ် ဖြစ်ခဲ့ရသည်။ အမြောက်ပညာသည်များသည် ပြောင်းဝအထူ၏ အကန့်အသတ်ကို မသိရှိကြသဖြင့် အဆင့်လိုက်ဖြည်းဖြည်းချင်းသာ လေ့လာစမ်းသပ်နိုင်တော့သည်။

သို့သော် မကြာမီအချိန်အတွင်း အမြောက်ပညာသည်များက အတွင်းသား

ကို သံဖြင့်ပြုလုပ်၍ အပြင်ဘက်ကို ကြေးနီဖြင့်ရစ်ပတ်သွန်းလုပ်ထားသော ခြောက်ပေါင်ဒါအမြောက်ရှည်အတွက် အသင့်တော်ဆုံးအချိုးအစားများကို ရှာဖွေတွေ့ရှိနိုင်မည်ဟု ခန့်မှန်းရသည်။ အမြောက်ပညာသည် ငါးဦးစလုံး သည် အမြောက်သစ်အတွက် အချိုးအစားများအတည်ပြုနိုင်မည့်နေ့ကို စိတ်အားထက်သန်စွာစောင့်မျှော်နေကြပြီး ထိုအချိန်ရောက်လျှင် လီကျစ်က ၎င်းတို့၏ လက်မှုပညာရှင် အဆင့်အတန်းကို ပြန်လည်ရုပ်သိမ်းပေး လိမ့်မည်ဟု မျှော်လင့်နေကြသည်။

လီကျစ်က အမြောက်ပညာသည်များကို သတိထား၍လုပ်ဆောင်ကြရန် မှာကြားပြီးနောက် အမြောက်အလုပ်ရုံမှ ထွက်ခွာလာခဲ့သည်။

ရွှီမင်ချယ်က အမှာစာများထပ်တိုးမှာယူပြီးနောက် ဆပ်ပြာအလုပ်ရုံ၏ ထုတ်လုပ်မှုစွမ်းအားမှာလည်း တိုးတက်လာခဲ့သည်။ လက်ရှိတွင် ဖန့်ကျား ရွာရှိ ဆပ်ပြာအလုပ်ရုံ၌ အလုပ်သမားတစ်ရာ့ငါးဆယ် လုပ်ကိုင်နေကြ သည်။ သို့သော် ပြီးခဲ့သည့်လက ကုန်သည်ကြီး ချွေဝမ်တင်က တစ်လလျှင် ဆပ်ပြာတောင့် ငါးသောင်း ထပ်မံမှာယူခဲ့သဖြင့် လီကျစ်က အလုပ်သမား ငါးဆယ် ထပ်မံခေါ်ယူလိုက်ရာ စုစုပေါင်းအလုပ်သမား နှစ်ရာတိတိရှိလာခဲ့ သည်။ အသစ်ထပ်တိုးလိုက်သော အလုပ်သမားငါးဆယ်၏ ထုတ်လုပ်နိုင် စွမ်းမှာ ကုန်သည်ကြီးချွေ၏ လိုအပ်ချက်ထက် များစွာသာလွန်နေသဖြင့် ပိုလျှံနေသောဆပ်ပြာများကို ထန်းကျင်းမြို့တွင် လီကျစ်က တိုက်ရိုက် ရောင်းချခဲ့သည်။

အထည်စက်ရုံမှာလည်း ကျန်းယွမ်၏ စီမံခန့်ခွဲမှုအောက်တွင် ပုံမှန် လည်ပတ်နေပြီး ပြဿနာတစ်စုံတစ်ရာမရှိပေ။ ဘိလပ်မြေအလုပ်ရုံက လည်း ပန်းရန်ဆရာများအတွက် ဘိလပ်မြေများကို ပုံမှန်ထောက်ပံ့ပေးနေ ပြီး အဆင်ပြေချောမွေ့လျက်ရှိသည်။

အရာအားလုံးကိုစစ်ဆေးပြီး လုပ်ငန်းစဉ်များအားလုံး ပုံမှန်လည်ပတ်နေကြောင်း အတည်ပြုပြီးနောက် လီကျစ်သည် စက်မှုလုပ်ငန်းသစ်များကို စတင်ဖော်ဆောင်ရန် ပြင်ဆင်တော့သည်။

ဤတစ်ကြိမ်တွင်တော့ လီကျစ်က ဖန်ချက်ရန် ရည်ရွယ်ထားသည်။

စက်မှုဒီဇိုင်နာတစ်ဦးအနေဖြင့် လီကျစ်သည် သာမန်အရပ်သုံးပစ္စည်းတစ်ခုဖြစ်သော ဖန်လုပ်ငန်းကို သုတေသနပြုခဲ့ဖူးပြီး ဖန်ချက်လုပ်ရန်အတွက် အသေးစိတ်သီအိုရီနည်းလမ်းများကို ရှင်းလင်းစွာသိရှိထားသည်။ ယခုအခါ ဖန့်ကျားရွာကို ကနဦးတည်ဆောက်ပြီးစီးသွားပြီဖြစ်ကာ လုပ်ငန်းအမျိုးမျိုးကို ဖန့်ကျားရွာအတွင်း၌ လုံခြုံစွာထားရှိနိုင်ပြီဖြစ်သဖြင့် လီကျစ်က ဖန်ထုတ်လုပ်ရန် ပြင်ဆင်လိုက်ခြင်းဖြစ်သည်။

ဖန်အလုပ်ရုံတည်ဆောက်ရာတွင် ပထမဆုံး စဉ်းစားရမည့်အချက်မှာ အရည်ကျိုမီးဖို တည်ဆောက်ရန်ဖြစ်သည်။ ဖန်ချက်ရန်အတွက် အယ်လ်ကာလီမှုန့် ထုံးကျောက် နှင့် သလင်းကျောက် ကုန်ကြမ်းအရောအနှောများကို အပူချိန် ၁၅၅၀ မှ ၁၆၀၀ ဒီဂရီဆဲလ်စီးယပ်စ်အထိ အပူပေးရန် လိုအပ်သည်။ သာမန်မီးဖိုများဖြင့် လုံးဝအဆင်မပြေနိုင်ဘဲ အထူးပြုလုပ်ထားသော မီးဖိုများကို တည်ဆောက်ရန် ကျွမ်းကျင်သူများလိုအပ်သည်။ ထို့ပြင် ကုန်ကြမ်းများကို ထည့်သွင်းရန် အသုံးပြုသော ပုံသွင်းအိုးများကိုလည်း ကျွမ်းကျင်ပညာရှင်များက ပြုလုပ်ပေးရန် လိုအပ်ပေသည်။

ဤခေတ်ကာလတွင် အပူချိန်မြင့်မားစွာအသုံးပြု၍ ပစ္စည်းများဖုတ်လုပ်ရာ၌ အများဆုံးတွေ့ရတတ်သော လက်မှုပညာရှင်များမှာ ကြွေထည်ဖုတ်သူများဖြစ်သည်။ ထို့ကြောင့် လီကျစ်သည် သူ၏ ဖန်ချက်လုပ်ငန်းအတွက် ကြွေပညာသည်အချို့ကို ရှာဖွေရန် စီစဉ်ခဲ့သည်။

လီကျစ်က ထန်းကျင်းမြို့တွင်စုံစမ်းကြည့်ရာ တောင်ဘက် လီတစ်ရာ့ငါး

ဆယ်ခန့်အကွာရှိ ချင်းခရိုင်တွင် ကြွေပညာသည်များရှိကြောင်းသိလိုက်ရသည်။ ထို့နောက် လီကျစ်သည် ကိုယ်ရံတော်များကိုခေါ်ကာမြင်းစီး၍ ချင်းခရိုင်သို့ ကိုယ်တိုင်ထွက်ခွာလာခဲ့သည်။ ချင်းခရိုင်သို့ရောက်သောအခါ လီကျစ် စုံစမ်းကြည့်ရာ ထိုခရိုင်အတွင်းရှိ လျို့ရွာဆိုသော ရွာလေးတစ်ရွာတွင် ရွာသူရွာသားအားလုံးနီးပါး ကြွေပညာသည်များဖြစ်ကြပြီး ထိုအထဲတွင် ချိုက်မိသားစု၏ အပြာနှင့်အဖြူရောင် ကြွေထည်များက အကောင်းဆုံးဖြစ်ကြောင်း သိရလေသည်။

လီကျစ်က လမ်းပြရန်လူတစ်ဦးအား ငွေပေးငှားရမ်းခဲ့ပြီး လျို့ရွာရှိ ချိုက်မိသားစုကို ရှာတွေ့ခဲ့သည်။

ချိုက်မိသားစု၏အိမ်မှာ အလွန်ကြီးမားပြီး လျို့ရွာအလယ်ရှိ မြေကွက်ကျယ်ကြီးတစ်ခုကို နေရာယူထားကာ သီးခြားခြံဝင်းကြီးတစ်ခု ဖြစ်သည်။ လီကျစ်သည် ခြံဝင်းအပြင်ဘက်တွင် ရပ်နေစဉ် အထဲတွင် ရွှံ့စေးမီးဖိုအချို့ကိုမြင်တွေ့လိုက်ရပြီး ၎င်းတို့မှာ ချိုက်မိသားစု၏ ကြွေဖုတ်မီးဖိုများ ဖြစ်တန်ရာသည်။

လီကျစ်က အဝင်ဝတွင် သူ၏ အမည်ကတ်ပြားကိုပေးအပ်လိုက်ရာ ချိုက်မိသားစုဝင်တစ်ဦး ပြေးထွက်လာပြီး လီကျစ်ကို ဧည့်ခန်းမကြီးဆီသို့ ခေါ်ဆောင်သွားသည်။

လီကျစ် ဧည့်ခန်းမကြီးထဲသို့ မဝင်ရသေးမီမှာပင် လူငယ်တစ်ဦး ခန်းမကြမ်းပြင်ပေါ်တွင် ခေါင်းမာမာဖြင့် ခါးမတ်မတ်ထားကာ ဒူးထောက်နေသည်ကို မြင်လိုက်ရသည်။

လူငယ်၏ရှေ့တွင် သက်ကြီးရွယ်အို သုံးဦးရပ်နေပြီး အလယ်တွင်ရှိသော အဘိုးအိုမှာ အလွန်ဒေါသထွက်နေပုံရကာ လူငယ်၏ ပခုံးကို ခြေထောက်ဖြင့် ကန်ကျောက်နေသည်။

"မင်းကို သေအောင်ရိုက်သတ်ပစ်မယ်... ကျေးဇူးကန်းတဲ့ကောင်..."

လူငယ်မှာ ကန်ကျောက်ခံရသဖြင့် မြေပြင်ပေါ်သို့လဲကျသွားသော်လည်း ခေါင်းမာမာဖြင့် ပြန်ထကာ အပြာရောင်အုတ်ကြမ်းပြင်ပေါ်တွင် ဒူးထောက်လျက် အသံကျယ်ကျယ်ဖြင့်...

"အဖေ... ရွှေအာနဲ့ ကျွန်တော်က တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြတာပါ"

အဘိုးအို၏မျက်နှာမှာ ဒေါသကြောင့်နီရဲသွားပြီး အသံကျယ်ကျယ်ဖြင့်...

"ငါတို့ ချိုက်မိသားစုဆိုတာ လျိုရှာမှာ ဂုဏ်သိက္ခာရှိတဲ့မိသားစုတစ်ခုပဲ။ စားစရာတောင်မရှိလောက်အောင် ဆင်းရဲနွမ်းပါးတဲ့ ကုန်သည်တစ်ယောက်ရဲ့သမီးကို မင်းက ဘယ်လိုလုပ်ပြီး သဘောကျရတာလဲ။ ငါ စီစဉ်ပေးထားတဲ့ အိမ်ထောင်ကို မင်းက ငြင်းဆန်တယ်... ငါ့ကို ဒေါသထွက်ပြီး သေစေချင်နေတာလား"

မြေပြင်ပေါ်ရှိ လူငယ်ကလည်း အသံကျယ်ကျယ်ဖြင့်...

"ရွှေအာနဲ့ ကျွန်တော်က မိုးနတ်မင်းကြီးနဲ့ မြေစောင့်နတ်မင်းကြီးရှေ့မှာ သစ္စာဆိုပြီးပြီ... သူက ကျွန်တော့်ဇနီးဖြစ်နေပြီ။ ဒီဘဝမှာ တခြားဘယ်သူ့ကိုမှ ကျွန်တော် မယူဘူး"

"ငါ မင်းကို နောက်တစ်ခါ ထပ်မေးမယ်... ငါ့စကားကို နားထောင်ပြီး ဟန်မိသားစုက သမီးမိန်းကလေးကို မင်း ယူမှာလား... မယူဘူးလား"

လူငယ်က လည်ပင်းကိုမတ်မတ်ထားပြီး...

"ဒီဘဝမှာ ကျွန်တော့်ဇနီးအဖြစ် ရွှေအာ တစ်ယောက်ကိုပဲ လက်ခံမယ်"

ဒေါသကိုမထိန်းနိုင်တော့သော အဘိုးအိုက လူငယ်၏ ရင်ဘတ်ကို ထပ်မံကန်ကျောက်လိုက်ပြီး...

"ထွက်သွား... ချိုက်မိသားစုအိမ်ကနေ အခုချက်ချင်းထွက်သွားစမ်း။ ငါတို့ ချိုက်မိသားစုမှာ မင်းလို ကျေးဇူးကန်းတဲ့ကောင်မျိုး မရှိဘူး"

လူငယ်ကထလာပြီး မြေပြင်ပေါ်တွင် ဒူးထောက်ကာ အဘိုးအိုကို မော့ကြည့်လျက် တုန်ရီသောအသံဖြင့်...

"အဖေ... ကျွန်တော့်ကို အိမ်ကနေ နှင်ထုတ်လိုက်ရင် ကျွန်တော် ငတ်သေသွားလိမ့်မယ်"

အဘိုးအိုက အသံကျယ်ကျယ်ဖြင့် ဟိန်းဟောက်ကာ...

"မင်းကို ငါ ဆယ့်ရှစ်နှစ်တိုင်တိုင် ကျွေးမွေးပြုစုခဲ့ပြီး ဆယ်နှစ်တိတိ ကြွေဖုတ်ပညာ သင်ပေးခဲ့တယ်။ ဒါက မင်း ငါ့ကို ကျေးဇူးဆပ်တဲ့ပုံစံလား။ ရွာထဲမှာ ငါ ခေါင်းမဖော်ဝံ့အောင် မင်း လုပ်နေတာပဲ။ လူတွေက ထမင်းစားဖို့ လိုတယ်ဆိုတာကိုကော မင်း သိရဲ့လား။ မင်းမှာ ချွေးအာ ရှိတယ်မဟုတ်လား။ သူ့အိမ်ကိုသွားပြီး သူ့ကိုသာ သွားရှာချေတော့"

ထို့နောက် အဘိုးအိုက ရှိသမျှခွန်အားကို သုံး၍...

"ထွက်သွားစမ်း... ငါတို့ ချိုက်မိသားစုမှာ မင်းအတွက်နေရာမရှိတော့ဘူး"

လူငယ်ကခေါင်းငုံ့ကာ ဖြည်းညင်းစွာထလာပြီးနောက် ခေါင်းငိုက်စိုက်ချလျက် တံခါးအပြင်ဘက်သို့လျှောက်သွားသည်။ ဘေးတွင်ရပ်၍ကြည့်နေသော လီကျစ်ကို ဖြတ်သွားသည့်တိုင် သူ မော့မကြည့်ခဲ့ပေ။

လီကျစ်သည် ဘေးမှရပ်ကာ ဇာတ်လမ်းကိုကြည့်နေရင်း မိမိဘာသာ အိမ်ထောင်ဘက်ရွေးချယ်ချင်သော သားဖြစ်သူက ဖခင်ဖြစ်သူကို ဒေါသထွက်စေခဲ့ခြင်းဖြစ်ကြောင်း နားလည်လိုက်သည်။ မင်မင်းဆက်ကြီးတွင် မိဘများ၏ ဩဇာအာဏာမှာ အလွန်ကြီးမားလှပေသည်ဟု သူ

တိတ်တဆိတ်တွေးလိုက်မိသည်။ ဆွေဟယ်နှင့် သူ၏ အိမ်ထောင်ရေးတွင် မိဘများ၏ ကန့်ကွက်မှုမရှိခဲ့၍သာတော်တော့သည်။ သို့မဟုတ်ပါက အမှန် တကယ်ပင် အထမြောက်နိုင်မည် မဟုတ်ပေ။

ချိုက်မိသားစု၏ အိမ်ထောင်ဦးစီးဖြစ်သူ ဒုတိယခန်းမတွင်ရပ်ကာ စိတ် ငြိမ်အောင် ထိန်းလိုက်ပြီးနောက် လီကျစ်သည် အစေခံ၏ နောက်မှလိုက်၍ ဧည့်ခန်းမကြီးထဲသို့ ဝင်သွားခဲ့သည်။

ဆရာကြီးချိုက်က လီကျစ်၏ အမတ်ဝတ်စုံကိုမြင်သောအခါ ဒေါသကို မြို သိပ်လိုက်ပြီး အရိုအသေပေးကာ...

"အမတ်မင်း... ယခုလိုကိုယ်တိုင်ကြွလာတာကို ကျွန်တော်မျိုးတို့က ကြိုဆိုဖို့ ပျက်ကွက်ခဲ့ပါတယ်"

လီကျစ်က ပြုံးကာ...

"အားနာစရာမလိုပါဘူး"

ဆရာကြီးချိုက်က လီကျစ်ကို ထိုင်ရန်ဖိတ်ခေါ်ပြီး လီကျစ်အား အထက် နေရာတွင် ထိုင်စေကာ သူက အောက်ဘက်နေရာတွင် ထိုင်လိုက်သည်။ ထို့နောက် အစေခံတစ်ဦးကို လက်ဖက်ရည် ယူလာခိုင်းလိုက်သည်။

လီကျစ်က လက်ဖက်ရည်တစ်ငုံသောက်လိုက်ပြီး လိုရင်းကိုသာ တိုက်ရိုက်ပြောလိုက်သည်။

"ဆရာကြီးချိုက်... ခင်ဗျားတို့ရဲ့ကြွေအလုပ်ရုံက တစ်နှစ်ကို အမြတ် ဘယ်လောက်ရသလဲဆိုတာ မေးလို့ရမလား"

ဤအမတ်မင်းက သူ၏ဝင်ငွေကို ချက်ချင်းမေးလိုက်သဖြင့် ဆရာကြီး ချိုက် အနည်းငယ် အနေရခက်သွားသည်။ ခေတ္တမျှစဉ်းစားပြီးနောက် သူက

"ချိုက်မိသားစုဝင် ခြောက်ယောက်က ကြွေဖုတ်တဲ့အလုပ်ကိုလုပ်ကြပါ

တယ်။ နေထိုင်စားသောက်စရိတ်တွေနုတ်ပြီးရင်တောင် တစ်နှစ်ကို ငွေသျှူး တစ်ရာကျော်လောက် အမြတ်ကျန်ပါတယ်"

မထင်မှတ်ဘဲ ချိုက်မိသားစု၏ နှစ်စဉ်အမြတ်ငွေမှာ အတော်လေးများပြားနေသည်။ လူခြောက်ဦးအတွက် ကုန်ကျစရိတ်များ အပါအဝင်ဆိုလျှင် ချိုက်မိသားစုသည် တစ်နှစ်လျှင် အနည်းဆုံး ငွေသျှူး တစ်ရာ့ငါးဆယ်ခန့် ဝင်ငွေရှိနေသည်။ သူတစ်ပါး၏ ဝင်ငွေမြင့်မားနေချိန်တွင် သူတို့ကို ခေါ်ယူရန်အတွက် ငွေပိုပေးရပေမည်။ လီကျစ်တစ်ယောက် သူ့ငွေများအတွက် ရင်ထဲတွင်အနည်းငယ် နာကျင်သွားရသော်လည်း မျက်နှာတွင်မူ မည်သည့်ခံစားချက်မျှ မပေါ်လွှင်စေဘဲ

"ကျွန်တော့်ဆီက ဖန့်ကျားရွာမှာ ခင်ဗျားတို့ ခြောက်ယောက်စလုံး လာလုပ်ပေးဖို့ တစ်နှစ်ကို ငွေသျှူး နှစ်ရာ့ငါးဆယ် ပေးမယ်။ ဘယ်လိုသဘောရလဲ"

ဆရာကြီးချိုက် မှင်တက်သွားပြီး...

"ဖန့်ကျားရွာ ဟုတ်လား။ အမတ်မင်း... ဘာကို ဖုတ်ချင်လို့လဲ"

"ကျွန်တော် ဖန်ချက်ချင်လို့ လုပ်မယ့်လူ နည်းနည်းလိုနေတယ်"

ဆရာကြီးချိုက်က ခေါင်းယမ်းလိုက်ပြီး

"အမတ်မင်း... ကျွန်တော်မျိုးကို ကျေးဇူးမသိတတ်ဘူးလို့ပဲ မှတ်လိုက်ပါတော့။ ကျွန်တော်တို့ ချိုက်မိသားစုက မျိုးဆက်ခုနစ်ဆက်တိုင်တိုင် ရာစုနှစ်ပေါင်းများစွာ ကြွေဖုတ်လာခဲ့တာပါ။ လျိုရွာကနေ ထွက်သွားပြီး ဒီအလုပ်ကို အဆုံးရှုံးမခံနိုင်ပါဘူး"

ဆရာကြီးချိုက်က သူ့အတွက်အလုပ်လုပ်ပေးရန် ငြင်းဆန်လိုက်သည်။ လီကျစ်က သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး...

"ချိုက်မိသားစုဝင် ခြောက်ယောက်အတွက် တစ်ယောက်ကို တစ်နှစ် ငွေသျှူး ငါးဆယ်နဲ့ စုစုပေါင်း ငွေသျှူး သုံးရာပေးပါ့မယ်။ ဆရာကြီးချိုက်... သေချာလေး ပြန်စဉ်းစားကြည့်ပါဦး"

သို့သော် ဆရာကြီးချိုက်က ခေါင်းမာစွာဖြင့်...

"အမတ်မင်း... ငွေသျှူး တစ်ထောင်ပဲပေးပေး... ကျွန်တော်မျိုးက ဘိုးဘွားပိုင်အလုပ်ကို စွန့်လွှတ်ဖို့ ဆန္ဒမရှိပါဘူး"

ထိုစကားကို ကြားသောအခါ လီကျစ် မှင်တက်သွားပြီး

"ဆရာကြီးချိုက်... သေချာစဉ်းစားပါဦး။ ငွေကို ဘယ်သူကများ ငြင်းမှာလဲ"

သားဖြစ်သူကို အိမ်ပေါ်မှနှင်ချထားရခါစဖြစ်၍ စိတ်အခြေအနေမကောင်းလှသော ဆရာကြီးချိုက်က...

"အမတ်မင်း... ကျွန်တော်မျိုးကို ဉာဏ်တုံးတယ်လို့ပဲ သဘောထားလိုက်ပါ။ ကျွန်တော့်မိသားစုက ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုသဘောတူမှာမဟုတ်ပါဘူး"

နောက်ဆုံးတွင် လီကျစ်က မတတ်နိုင်တော့သည့်အဆုံး...

"ဒါဆိုရင် ခင်ဗျားတို့ မိသားစုဝင် ခြောက်ယောက်ထဲက တစ်ယောက်တည်းကိုပဲ ကျွန်တော် ငှားမယ်... အဲဒါဆိုရင်ကော အဆင်ပြေလား"

ဆရာကြီးချိုက်က မောက်မာသောအသံဖြင့်...

"ကျွန်တော်တို့ ခြောက်ယောက်ပေါင်းမှ မီးဖိုတစ်ဖိုစာ အလုပ်ဖြစ်တာပါ။ တစ်ယောက်ယောက်သာ လိုသွားရင် လုပ်ငန်းလည်ပတ်နိုင်မှာမဟုတ်ဘူး"

ဤအိမ်ထောင်ဦးစီး၏ ခေါင်းမာလှသောအပြုအမူကြောင့် လီကျစ်တစ်

ယောက် အံ့ဩမှင်တက်သွားကာ သက်ပြင်းသာ ချလိုက်မိတော့သည်။

***